# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေကို ဒုတိယ အကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၄ တွင် ''ဒုတိယ ဥက္ကဋ္ဌ'' ဆိုသည့် စကားရပ်အစား၊ ''ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၉၊ အပိုဒ် (င) တွင် ''အဖွဲ့ဥက္ကဋ္ဌ'' ဆိုသည့် စကားရပ်အစား၊ ''အဖွဲ့ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇၊ အပိုဒ် (င) တွင် ''ဥက္ကဋ္ဌ အား'' ဆိုသည့်စကားရပ်အစား၊ ''ဥက္ကဋ္ဌ အားလည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌများအားလည်းကောင်း'' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ တွင်—

(က) ရှိရင်းပုဒ်မ ၁၉ ကို၊ ပုဒ်မ ၁၉ ၏ပုဒ်မခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ခ) ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) တွင် ''ဥက္ကဋ္ဌ'' ဆိုသည့်စကားရပ်အစား၊ ''ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ'' ဆိုသည့်စကားရပ်များကို ထည့်သွင်းရမည်။

(ဂ) ထိုသို့ ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်၌ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

''(၂) ဤအက်ဥပဒေပါကိစ္စများ ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ဥက္ကဋ္ဌ သည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ မိမိသုံးစွဲဆောင်ရွက်နိုင်သည့်

အာဏာနှင့်တာဝန်ဝတ္တရားအားလုံးကိုသော်၎င်း၊ အချို့ကိုသော်၎င်း၊ သင့်တော်သည်ထင်မြင်သည့် ဒုတိယဥက္ကဋ္ဌတဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့၏အရာရှိတဦးဦးအား၊ အဖွဲ့၏ကြိုတင် သဘောတူညီချက်ဖြင့်အခါအားလျော်စွာ လွှဲအပ်နိုင်သည်။''